မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်၌ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲကျင်းပ
နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆေးရုံတွင် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဆေးကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာကုသခန်းနှင့် ကျန်းမာရေးပညာပေးခန်းတို့ကို ထည့်သွင်းတည်ဆောက်ထား

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါဆေးရုံကြီးဥပစာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့်ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကံချွန်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်းက ငွေကျပ် ၇၁၈၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ❖

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၇ ရက်)

လမ်း၊ တံတားများ ရေရှည်တည်တံ့ရေး ထိန်းသိမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်ရန်အတွက် မြစ်ကူးချောင်းကူးတံတားကြီးများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများကို လက်ယှက်ထိုး ဆက်သွယ်ဖောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာ လမ်းပေါ်၌ အရှည်ပေ ၃၆၀ ရှိ ကျောက်ချောင်းကြီးတံတားကို ဖေဖော်ဝါရီ ၂၇ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ ပေ ၁၈၀ နှင့်အထက် ၂၅၈ စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျောက်ချောင်းကြီးတံတားကို ဖွင့်လှစ်လိုက်ခြင်းကြောင့် ရန်ကုန်မှချောင်းသာသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရုံသုံးပစ္စည်းများကို ယင်းတံတားမှ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အထင်ကရ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖြစ်သည့် ချောင်းသာကမ်းခြေသို့ တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှ ပြည်သူများ အလွယ်တကူအပန်းဖြေသွားနိုင်ကြမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာသည့်အလျောက် ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကျောက်ချောင်းကြီးတံတားသည် အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ အကျယ်ရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် သဘာဝအတားအဆီးများ မည်သို့ပင်ကာဆီးနေစေကာမူ ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ တံတားကြီးများကို တည်ဆောက်ဖောက်လုပ်ထားသဖြင့် ပြည်သူတို့သည် ယခုအခါ အချိန်ရာသီမရွေး ပြည်ထောင်စုအနှံ့ အရှေ့အနောက်၊ တောင်မြောက်သွားလာနိုင်ကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများအကျိုးအတွက် တည်ဆောက်ဖောက်လုပ်ပေးထားသည့် တံတားများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများကို သားစဉ်မြေးဆက် ဆက်လက်အသုံးပြုနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများက ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း
စစ်တွေတပ်နယ်အတွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဖေဖော်ဝါရီ ၂၈ ရက်က စစ်တွေမြို့ ပါဒလိတ်တပ်နယ်နှင့် ရေချမ်းပြင်တပ်နယ် နယ်မြေခံ တပ်ရင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက် ကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် မတ် ၁ ရက်က အမ်းမြို့နယ် အမ်းတောင်ခန်းမ၌ ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမ်း-ပဒဲကြော-မအီကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေနှင့် အမ်းမြို့နယ် ညောင်ချောင်းကျေးရွာ အမ်း-ပဒဲကြော-မအီလမ်းပိုင်း လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဂေါက်သီးရိုက်ပြိုင်ပွဲ
ကျောက်ဆည်မြို့၌ ကျင်းပ

ကျောက်ဆည် မတ် ၆

ကျောက်ဆည်မြို့ ဇော်ဂျီဂေါက်ကလပ်တွင် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက မောင်အောင်ကိုမြင့် B.Sc (Bot) နဂါးညီနောင်ပွဲရုံနှင့် မကျော့ကျော့စန်း B.Sc (Bot) ရှိုးမင်းသားရောင်းဝယ်ရေး၊ အောင်လံထူပွဲရုံဆီစက်တို့၏ ထိမ်းမြားမင်္ဂလာ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရာ မန္တလေးခရိုင် ကျောက်ဆည်၊ တံတားဦး၊ နွားထိုးကြီးမြို့နယ်တို့မှ ဂေါက်သီးရိုက်အားကစားသမား ၄၈ ဦး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆုများချီးမြှင့်

ဆုပေးပွဲအခမ်းအနားကို ညနေ ၇ နာရီတွင် ရွှေကမ္ဘာစားဥယျာဉ်၌ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြည်တင် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင်း မြို့သာယာလှပရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး စစ်တွေ၌ စည်းဝေး

စစ်တွေ မတ် ၆

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက စစ်တွေမြို့ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလွင်က ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဒေသထွက်ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်မှုမှ တင်ပို့ရောင်းချသည်အထိ အကျိုးတူစုဖွဲ့၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ နည်းပညာဖြန့်ဖြူးခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ထုပ်ပိုးမှုစနစ် ပြောင်းလဲပြင်ဆင်တင်ပို့ခြင်းများ ဆောင်ရွက်သွားရန် ကုမ္ပဏီလုပ်ငန်းရှင်များသို့ တိုက်တွန်းဆွေးနွေးသည်။

(အောက်ဝဲပုံ)

တင်ပို့၊ တင်သွင်း

စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲကြီး၊ နနွင်းတက်၊ကွမ်းသီး၊ ဆီးဖတ်၊ မန်ကျည်းစေ့၊ ရေချိုငါး၊ ရေငန်ပုစွန်ကျား၊ ဝါး၊ ကြိမ်များ အဓိကတင်ပို့ပြီး ဘိလပ်မြေ၊ ဆံပင်၊ တီရှပ်၊ ဒန်ရေတကောင်းများ တင်သွင်းလျက်ရှိကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဧပြီမှ ဇန်နဝါရီအထိ ပို့ကုန် ဒေါ်လာ ၉ ဒသမ ၁၈၄ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၃၈၃ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၉ ဒသမ ၅၆၇ သန်း ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။ (နယ်စပ်ကုန်သွယ်ရေး)

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ
ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ မတ် ၆

ပခုက္ကူခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အမှတ် (၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဆိုပါအသင်းရုံးဝင်း၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇင်မာဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးဒေါက်တာ ဒေါ်အေးအေးသင်း(**အပေါ်ပုံ**)က ကိုယ်ဝန်ဆောင်မိခင်များအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာ ဦးဌေးလှိုင်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ဒေသန္တရဆရာဝန် ဒေါက်တာ ဒေါ်စုလှိုင်မြင့်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ဝ၇၀)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမေ့နှင့်

တောင်ဥက္ကလာပမြို့နယ် ကေတုမာလာ(၄)ရပ်ကွက် သုမင်္ဂလာလမ်း အမှတ် ၁၀နေ ဦးလှအောင်-ဒေါ်တင်လှိုင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ ဖေဖော်ဝါရီ ၂၁ ရက်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒေါက်တာလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ တို့ကို နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်တို့က နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် ဆေးရုံအဆောက်အအုံရှိ မော်ကွန်းကမ္ပည်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီးဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆေးရုံအတွင်းပိုင်း

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကံချွန်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေကြသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးကြသည်။

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို မြေဧရိယာ ၄၁ ဧကပေါ်၌ တည်ဆောက်ထားပြီး ခုတင်(၅၀)ဆံ့ ဆေးကုသဆောင်(၂)ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါရှိသည်။

ထည့်သွင်းတည်ဆောက်

ဆေးရုံတွင် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဆေးကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာကုသခန်းနှင့် ကျန်းမာရေးပညာပေးခန်းတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ **(သတင်းစဉ်)**

ဖွင့်ပွဲကျင်းပ

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်မဲခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပြည်သူများ ယုံကြည်အားကိုးရသည့် ဆေးရုံတစ်ရုံဖြစ်လာစေရန် ဆေးဝါးကုသရေးနှင့် ဆက်ဆံရေးအမြဲကောင်းမွန်စေရေးမှာကြား

နေပြည်တော် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်သန်းထွဋ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ရောက်ရှိသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမေသင်းနှင့် ဆရာဝန်၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁) သည် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အတွင်းရေးမှူး(၁)အား ဆေးရုံအုပ်ကြီး ဒေါက်တာမေသင်းက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဆေးဝါးကုသမှု၊ အုပ်ချုပ်စီမံကိစ္စရပ်များနှင့် ဆေးပဒေသာပင်အလှူငွေ ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ကြိုတင်ကာကွယ်

ယင်းနောက် အတွင်းရေးမှူး(၁)က ဆေးရုံရေရရှိမှု၊ ဆေးဝါးကုသမှု၊ ဆေးရုံသို့အများဆုံး တက်ရောက်ကုသသည့် ရောဂါများနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သည့်ရောဂါများ အခြေအနေတို့ကို မေးမြန်းပြီး ပြည်သူများ ယုံကြည်အားကိုးရသည့် ဆေးရုံတစ်ရုံဖြစ်လာစေရန် ဆေးဝါးကုသရေးနှင့် ဆက်ဆံရေးတို့ကို အမြဲကောင်းမွန်စေရေး၊ ရာသီအလိုက် ဖြစ်ပွားတတ်သည့် ရောဂါများကို ကြိုတင် ကာကွယ်တားဆီးနိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေးရေးတို့ကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများနှင့် မွေးကင်းစကလေးသူငယ်များအတွက် ဆေးဝါးကုသရာတွင် လိုအပ်သည့် Incubator ကို ဖြည့်ဆည်းလှူဒါန်းပြီး ဆေးရုံ၌ မျက်စိကုဌာန ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာ ညိုညိုတင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့်ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)အား ပတ္တမြားခန်းမ၌ ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ သင်ကြားမှုနှင့် အုပ်ချုပ်စီမံကိစ္စရပ်များ၊ အခြေခံပညာ အထက်တန်း အောင်ချက်နှုန်းများကို ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁)က အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ကျောင်းသားများ ဘာသာရပ်အလိုက် အောင်မြင်မှု အခြေအနေကို ဆန်းစစ်၍ အားနည်းသည့် ဘာသာရပ်များအတွက် သင်ကြားမှုနှင့် သင်ယူမှုကောင်းမွန်အောင် ဆောင်ရွက်ကြရန်မှာကြားပြီး ကျောင်းငွေပဒေသာပင်အတွက် အလှူငွေ ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ အမှတ်(၂)အခြေခံ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် ခရိုင်ပညာရေးမှူးများ၊ တာဝန်ခံ ကျောင်းအုပ်ကြီးဦးလွင်ထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်နှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ထို့နောက် ကျောင်းခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအား တွေ့ဆုံရာ တာဝန်ခံ ကျောင်းအုပ်ဆရာကြီးက သင်ကြားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ယနေ့ ဆရာ ဆရာမများအနေဖြင့် တပည့်ကျောင်းသား ကျောင်းသူများအား သင်ကြားရာတွင် စာမေးပွဲအောင်မြင်ရုံမျှသာမက အမှန်တကယ် တတ်မြောက်ပြီး လုပ်ငန်းခွင်အတွင်း အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဝင်ရောက်နိုင်အောင် လေ့ကျင့်သင်ကြားပေးရေး၊ ကျောင်းသား ကျောင်းသူများ၏ အားနည်းသည့် ဘာသာရပ်များကို လေ့လာစိစစ်၍ အားနည်းရသည့် အခြေခံ အကြောင်းတရားများကို ဖော်ထုတ်ပြီး သင်ကြားမှုနှင့် သင်ယူမှုအပိုင်းများ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရေး၊ မိမိတို့ ကျောင်းများ၏ ရှိပြီးသော အစဉ်အလာကောင်းများကို ဆက်လက်မြှင့်တင် ထိန်းသိမ်း၍ သင်ကြားမှုအပိုင်းနှင့် စည်းကမ်းထိန်းသိမ်းမှုအပိုင်းများ ကောင်းမွန်စေရန်အတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ကျောင်းငွေပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မြတ်သောစိတ်** တရားတော် (ကျိုက်ထို ဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၆:၃၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၂)
၈:၄၀ နိုင်ငံသားတိုင်းလိုက်နာရမှာ လမ်းမကြီးများရဲ့ ဥပဒေပါ
၉:၀၅ စစ်ကွင်း အထကကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၉:၁၅ Activities in the City (အမျိုးသမီးများကိုလှစေမှာ iora)
၉:၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
၁၀:၀၅ Activities in the City [အမက (၁၂) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ]
၁၀:၂၀ The Champion of Dance
၁၁:၁၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
၁၁:၄၀ MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၁၀ စာအုပ်စာပေလူ့မိတ်ဆွေ (လက္ခဏာပညာဖြင့် အိမ်ထောင်ဖက်ကောင်းရွေးချယ်နည်း)
၁၂:၃၀ Celebrity Choice (ငယ်ငယ်)
၁:၀၀ **မြတ်သောစိတ်** တရားတော် (ကျိုက်ထို ဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၁:၄၀ ထူးထူးခြားခြားပဲခူးမြို့မှ မြွေဘုရား
၂:၀၀ MRTV-4 သတင်း
၂:၂၀ FMF Selection
၂:၅၅ ယခင်အလက (၃) သာကေတ အာစရိယပူဇော်ပွဲ
၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၅)
၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၂)
၄:၄၀ **ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ** (အသည်းရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Sunday Talk (မျိုးမြတ်သူ၊ ကျော်စိုးဝင်း)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၆)
၇:၃၀ ဗီဒီယိုပြခန်း
၇:၄၅ မုံရွာမြို့သို့ အလည်တစ်ခေါက်
၈:၀၀ MRTV-4 သတင်း
၈:၃၀ **စကားနပန်း** (သူငယ်ချင်းယောက်ဖတော်တာ ကောင်းတယ်၊ သူငယ်ချင်းယောက်ဖမတော်တာ ကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၃)
၁၀:၁၅ အနုပညာမိုးကောင်းကင်
၁၀:၃၅ အထက(၁) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ
၁၀:၄၅ International Show Biz
၁၁:၀၀ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
၁၁:၁၀ ဈေးဝယ်လမ်းညွှန် (မကွေးမြို့မှ ကောင်းမွန်စူပါမားကတ်)
၁၁:၂၅ **ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁:၃၀ စုပေါင်းဆင်နွဲ မန္တလာမြေရဲ့ခြင်းပွဲ
၁၁:၅၅ မြန်မာစာ၊ မြန်မာစကား
၁၂:၀၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၂:၃၀ မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာ-သိန်းသိန်းမြင့်)
၁၂:၄၀ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
၁:၀၅ အံ့ဖွယ်လေ့လာ အသံတုပညာ (အသံတုရဲမြင့်လေး)
၁:၂၅ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၂:၁၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
၂:၄၅ ကြည်ညိုဖူးမြော်ပုဂံဘုရား စေတီတော်
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ ရွှေလာငွေလာသုံးရောင်ခြယ် မာလကာ
၄:၃၅ Aureum Palace Resort (Ngwe Saung)
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Blackpool- Chelsea	ESPN(Live)

Onshore Gas Terminal တည်ဆောက်ရေးလုပ်ငန်းခွင် စွမ်းအင်ဝန်ကြီးဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီသည် ဒုတိယဝန်ကြီးဦးသန်းဌေးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo နှင့် တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jialin နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီးရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းအတွက် ဒေဝူးကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Onshore Gas Terminal တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းခွင်ရှုရပ်၌ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo က တည်ဆောက်ရေး လုပ်ငန်းအတွက် Earth Work နှင့် Foundation လုပ်ငန်းများ အဆင့်လိုက်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Hydrocarbon Area, Non-hydrocarbon Area, Supply Base, Flare Tower, Storm water Interceptor Pond တို့ အဆင့်လိုက် ဆက်လက်တည်ဆောက်တပ်ဆင်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီးနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း Hydrocarbon Area တွင် Foundation လုပ်ငန်း ဆောင်ရွက်နေမှုနှင့် စီမံကိန်း လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Onshore Gas Terminal သည် ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းဖြင့် ပို့လွှတ်ရောင်းချရေး စီမံကိန်းတွင် ပါဝင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး ကမ်းလွန်ပင်လယ်ပြင်မှ (၃၂)လက်မ ပိုက်လိုင်းဖြင့် ပို့လွှတ်လိုက်သော ဓာတ်ငွေ့များ၏ ထုထည်ပမာဏ၊ ဖိအားပမာဏတို့ကို လိုအပ်သလို ထိန်းချုပ်၍ ဆက်လက်ပို့လွှတ်ခြင်း၊ ကမ်းလွန်ထုတ်လုပ်ရေးစင်၊ ဓာတ်ငွေ့လက်ခံစခန်းတို့နှင့် ဆက်သွယ်၍ ပို့လွှတ်မှု အချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ အရေးပေါ်အခြေအနေတွင် ဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းခြင်း၊ ပြန်လည်ပို့လွှတ်ခြင်းတို့ကို ထိန်းသိမ်းဆောင်ရွက်မည့်စခန်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ် စက်တင်ဘာမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ခုနှစ် မတ်လတွင် အပြီးဆောင်ရွက်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့ အမှတ်(၁)ဆိပ်ကမ်း အဆင့်မြှင့်တင် တည်ဆောက်နေသော လုပ်ငန်းခွင်သို့ ဆက်လက်သွားရောက်စစ်ဆေးသည်။

အကောင်အထည်ဖော်

အဆိုပါ အမှတ်(၁) ဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ Operator ဖြစ်သည့် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းက ဆောင်ရွက်နေခြင်းဖြစ်ပြီး မူလဆိပ်ခံတံတားဟောင်းသည် နှစ်ကာလကြာမြင့်၍ ခိုင်ခံ့မှု အားနည်းလာသဖြင့် အလျားမီတာ ၂၀ ရှိသော ဆိပ်ခံတံတားဟောင်းကို ဖျက်သိမ်းပြီး အလျားမီတာ ၈၀ ရှိသော ဆိပ်ခံတံတားအသစ်အား အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက ဆိပ်ခံတံတားအသစ်ကို ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ရေယာဉ်များသည်လည်းကောင်း၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် လုပ်ငန်းသုံးရေယာဉ်များသည်လည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ညှိနှိုင်း၍ မျှဝေသုံးစွဲသွားမည်ဖြစ်သည်။ ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၁ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီအား ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo က Onshore Gas Terminal တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယဉ်ကျေးလိမ္မာသင်တန်း လှိုင်မြို့နယ်၌ဖွင့်

ရန်ကုန် မတ် ၆

လှိုင်မြို့နယ် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း လစဉ်ပုံမှန်အစည်းအဝေးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ သီဟသုဓမ္မဓဇကိတ္တိ ဦးခင်လှက အဖွင့်အမှာစကား ပြောကြားသည်။

ယဉ်ကျေးလိမ္မာ သင်တန်းကို လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက်၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည် ဖြစ်ကြောင်း သိရသည်။ (၁၂၈)

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၇ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သာစည်ကန်ဖြတ်တံတားကြမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၈ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့်အဖွဲ့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရ အားကစားသတင်း

မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး လီဗာပူးမှ ဒရက်ကွတ်ဇ် ဟက်ထရစ်သွင်းယူ

မောင်မောင်မြင့်ဆွေ ➢ ရေးသားသည်

လန်ဒန် မတ် ၆

ပရီမီယာလိဂ် ပွဲစဉ်များကို မတ် ၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် မန်ယူတို့ပွဲတွင် လီဗာပူးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးတို့ အိမ်ကွင်းတွင် ပွဲအစမှာပင် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဘာဘာတော့ဗ်နှင့် ရွန်နေတို့ ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။ လီဗာပူးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၄ မိနစ်၌ ဒရက်ကွတ်ဇ်က မန်ယူဂိုးဧရိယာအတွင်းမှ အနီးကပ် အသာအယာ ကန်သွင်းယူခဲ့သည်။

မန်ယူတို့ကစားကွက်တည်မရဘဲဖြစ်နေရာ ပွဲချိန် မိနစ် ၄၀ ၌ မန်ယူတောင်ပံကစားသမား နာနီခေါင်းတိုက်အမှားမှတစ်ဆင့် ဒရက်ကွတ်ဇ်ကပင် အနီးကပ် ခေါင်းတိုက်သွင်းယူခဲ့ပြန်သဖြင့် လီဗာပူးတို့ ဒုတိယဂိုးရရှိသည်။ မန်ယူတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။

သုံးဂိုးရရှိ

ဒုတိယပိုင်းပွဲအစတွင် မန်ယူတို့ ချေပဂိုးများရရှိရေး ကြိုးစားခဲ့သော်လည်း တိုက်စစ်မှူးများ ထင်တိုင်းမပေါက်ဘဲ ရွန်နေနှင့် ဘာဘာတော့ဗ်တို့လည်း ခြေစွမ်းမပြနိုင် ဖြစ်ခဲ့သည်။ ပွဲချိန် ၆၅ မိနစ်၌ ဒရက်ကွတ်ဇ်ကပင် လီဗာပူးအတွက် တစ်ဂိုးထပ်မံ သွင်းယူခဲ့သဖြင့် လီဗာပူးတို့ သုံးဂိုးရရှိခဲ့သည်။

ဟန့်တားကစားခဲ့

မန်ယူအသင်း ချေပဂိုးရရှိရေး ကြိုးစားသော်လည်း လီဗာပူးတို့က မာမာတင်းတင်း ဟန့်တားကစားခဲ့မှုကြောင့် မန်ယူတို့ လီဗာပူးဂိုးရှေ့အရောက်တွင် ပျက်သွားမှုကများနေခဲ့သည်။ ပွဲချိန်ပြည့်ပြီး လေလွင့်ချိန်အတွင်း မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ချေပဂိုး တစ်ဂိုးရပြီး သုံးဂိုး - တစ်ဂိုးဖြင့် ပွဲသိမ်းခဲ့ခြင်း ဖြစ်သည်။ ယခုပွဲ၌ လီဗာပူးမှ ဒရက်ကွတ်ဇ် ဟက်ထရစ် ရရှိခဲ့သည်။

ဝုလ်ဖ်နှင့် စပါးတို့ပွဲတွင် သုံးဂိုးစီ သရေဖြစ်ခဲ့သည်။ ။

(အင်တာနက်)

ထိုးဖောက်ကစား

လီ ဗာ ပူး နှင့် မန်ယူတို့ပွဲတွင် မန်ယူကွင်းလယ် ကစားသမား ပေါလ်စခိုး (ဝဲ) ဤသို့ထိုးဖောက်ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၂၁)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း -၆၃)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၁၇)
၂၅။ **Mini Series**

မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် အိမ်ထောင်စုဝင်များအား ဆန်၊ ထောက်ပံ့ငွေနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို မတ် ၁ရက် နံနက်ပိုင်းက အဆိုပါကျေးရွာသစ်တည်ဆောက်ရေးရုံး၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တာဝန်ရှိသူတစ်ဦးက အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ရုပ်မြင်သံကြားဖမ်းစက်နှင့်ဆန်တို့ကို ပေးအပ်သည်။ ဆက်လက်၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှု၊ မြစ်ဆုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ပင်မတံတား ရေလယ်တိုင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပလနကျေးရွာအုပ်စု ယုဇနမြိုင်ကျေးရွာအနီး လယ်ယာမြေများ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး လယ်ယာမြေဖော်ထုတ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)မီးသတ်စခန်းသစ်

ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မတ် ၄ရက် မွန်းလွဲပိုင်းက နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၇)မီးသတ်စခန်းသစ် ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်" နိုင်ရေးဆောင်ရွက်ထားရန်၊ သင့်လေးသင့်ဖြစ်သော လူ၊ ယာဉ်/စက်၊ ဆီ၊ ရေ အမြဲအသင့်ရှိစေရေး ဆောင်ရွက်ထားရန်၊ ဆက်သွယ်ရေး၊မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် မီးသတင်းရရှိရေးနှင့် မီးငြိမ်းသတ်ယာဉ်များ လွယ်ကူလျင်မြန်စွာ ဝင်/ထွက် ငြိမ်းသတ်ရာ၌ အခက်အခဲမရှိစေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အရေးကြီး အဆောက်အအုံများရှိ တာဝန်ခံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိရန်၊ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)၌ ငါးသိန်းဖုန်းများ တစ်နိုင်ငံလုံးချပေးတော့မည်၊ တန်ပိုးရှောင်သော ကုန်တင်ယာဉ်များကို အရေးယူပြီ၊ စစ်တွေ ရေနက်ဆိပ်ကမ်းစီမံကိန်း ဖော်ဆောင်ရန် တရုတ်နိုင်ငံမှ ကမ္ဘာ့တတိယအကြီးဆုံး သောင်တူး ရေယာဉ်ကြီး လာရောက်မည်၊ စည်းကမ်းမဲ့ဆိုင်ကယ်များ ဒဏ်ငွေကျပ်နှစ်သိန်းပေးပြီး ပြန်လည်ထုတ်ယူနိုင်၊ အလောင်းတော်ကဿပလိုဏ်ဂူကျောက်တံခါးဝ တပို့တွဲလပြည့်နေ့တွင် သုံးကြိမ်ပွင့်ခဲ့၊ မြန်မာ့သမီးငယ်လေး ကမ္ဘာ့ခြေချောင်းလက်ချောင်းအများဆုံးပိုင်ရှင်ဖြစ်တော့မည်၊ ကြေးကွင်းများနှင့် ရိုးရာအလှပိုင်ရှင်များ၊ အမှိုက်ထိန်းချုပ်ဖို့ အချိန်တန်ပြီ၊ လူ့အဖွဲ့အစည်းနှင့် ကိုယ်ချင်းစာတရား၊ ဣသာနှင့်မစ္ဆရိယတို့၏ အခြားတစ်ဖက်မှာ၊ ဥပဒေကြမ်းမှ ဥပဒေသို့၊ အပြောနှင့်အလုပ် စသည့် ဖတ်စရာ၊ မှတ်စရာသတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီ ဖြစ်သည်။

ဥရောပဟာ အိပ်မက်ဆိုးတွေ မက်နေရတဲ့ ဘဝမျိုးမှာ ရှိမနေပါဘူး စီးပွားရေးပညာရှင် ဂျက်အတ်တာလီနှင့် The Straits Times မဂ္ဂဇင်းတို့တွေ့ဆုံခြင်း၊ အစ္စရေးနှင့် အာရပ်ကမ္ဘာ အပြောင်းအလဲ နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ အရှေ့တောင်အာရှ၏ သဘာဝသစ်တောများ ပြုန်းတီးနေမှုမှ ကယ်ဆယ်ရေး အခက်အခဲကြုံတွေ့နေ၊ ဆဋ္ဌမမြောက်မျိုးဆက်မွေးဖွားပေးမယ့် အသက် ၁၄နှစ်အရွယ် မိခင်ငယ်၊ လူနို့ရည်ဖြင့် လုပ်သော ရေခဲမုန့်မရောင်းရ၊ အိန္ဒိယတွင် မသန့်ရှင်းသော အကြောဆေးသွင်းရာမှ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၂ ဦးသေဆုံး၊ ကမ္ဘာ့ဘဏ်အသစ် တရုတ်ဖြစ်လာမည်လား၊ အလုပ်တွင် စိတ်ဖိစီးမှု ခံစားနေရသူများ နေ့လယ်ခင်းမှာ တစ်ရေးအိပ်၊ ချစ်သူစုံတွဲများ မိန်းကလေးက ပိုချောနေရင် သတိသာထားစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲများကျင်းပ

နတ်မောက် မတ် ၆

နတ်မောက်မြို့နယ် သဖန်းကန်ကျေးရွာ တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကို၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာကြည့်တိုက်ငွေပဒေသာပင်စိုက်ထူရန် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုက ငွေကျပ် ၁၀၀၀၀၊ တောင်ထောင့်အုပ်စုဥက္ကဋ္ဌ ဦးအောင်လင်းက ငွေကျပ် ၁၀၀၀၀၊ ပင်းဝွေးချိုအုပ်စုဥက္ကဋ္ဌ ဦးချစ်ခိုင်က ငွေကျပ် ၁၀၀၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်က စာအုပ်စာစောင်အုပ်ရေ ၅၀ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

အလားတူ ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက နတ်မောက်မြို့ ဖက်သန်းတောင်ကျေးရွာပညာ့ရိပ်သာစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုက စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၀၀၀၀၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ထွန်းက ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

ရွှေကျင်မြို့၌ သင်တန်းဖွင့်

ရွှေကျင် မတ် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့၌ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်စိုးက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၁၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန် မတ် ၆

နိုင်ငံစုံပညာရေးပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပမည့် နိုင်ငံစုံပညာရေးပြပွဲ (Navitas' Global Education Exhibition) ကို AT&S Co., Ltd. က ကြီးမှူး၍ မတ် ၁၀ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မွန်းလွဲ ၁၂နာရီခွဲမှ ည ၇နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတကာပညာရေးကို ဆက်လက်ဆည်းပူးရန် စိတ်ဝင်စားသူများအတွက် ဩစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ စင်ကာပူနိုင်ငံများမှ Navitas နှင့် ချိတ်ဆက်ထားသော တက္ကသိုလ်ကြီး ၂၂ခုမှ ပညာရေးအတိုင်ပင်ခံများနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးနိုင်စေရန် စီစဉ်ခြင်းဖြစ်သည်။

အထူးအစီအစဉ်

ပြပွဲတွင် သက်ဆိုင်ရာကျောင်းများသို့ တက်ရောက်ရန် ကျောင်းအပ်နံသည့် ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်အနေဖြင့် Application Fees Waiver ရရှိမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်လျှောက်ထားလိုသူများသည် မိမိတို့၏ပညာရေးဆိုင်ရာ စာရွက်စာတမ်းမူရင်းနှင့် မိတ္တူများကိုတစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။

ရှင်းလင်းဆွေးနွေး

ပြပွဲတွင် ဘာသာရပ်ဆိုင်ရာ သီးသန့်ဟောပြောမှုများ၊ နိုင်ငံတစ်ခုချင်းစီအတွက် ပညာရေးဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းကာ British Council ကလည်း IELTS၊ IGCSE၊ GCE O/ A Exam များ ဆိုင်ရာ သတင်းအချက်အလက်များကို ရှင်းလင်းဆွေးနွေးပေးမည် ဖြစ်သည်။ အမေရိကန်နှင့် ကနေဒါတက္ကသိုလ်များသို့ TOEFL/IELTS ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်မည့် Navitas English Test ကို အခမဲ့စစ်ဆေးပေးမည်ဖြစ်သည်။

ပြပွဲတက်ရောက်လိုသူများသည် AT&S Co., Ltd. အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၈ နှင့် ၆၅၂၃၂၀တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ အီးမေးလ်ဖြင့် စာရင်းပေးသွင်းလိုပါက nvt.ats @ gmail.com နှင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြေယာရှုခင်းအလှ

မုဒုံမြို့နယ် မော်သံလမ်း ကန်ကြီးဘုရားရှေ့ မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို မတ် ၃ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးလှသိန်းအောင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်အေးဝါဝါတင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

● *ကျောဖုံးမှ*

ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွက်သာမက ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် တံတားတစ်စင်းဖြစ်သည့် သီပေါတံတားသစ်ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် မင်္ဂလာနေ့ပင် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ၌ ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် သွားလာ၍ရသည့် လမ်းကွန်ရက်စနစ်များ များစွာဖြစ်ထွန်းနေပြီ ဖြစ်ပါကြောင်း။

တည်ဆောက်ဖွင့်လှစ်

ယနေ့ဖွင့်လှစ်လိုက်သည့် သီပေါတံတားသည် နိုင်ငံတော်၏ ပေ (၁၈၀) အထက်တံတားကြီးများ တည်ဆောက်ခဲ့မှုတွင် ၂၅၉ စင်းမြောက် တံတားသစ်ကြီးဖြစ်သကဲ့သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁၃ စင်းမြောက် ပေ (၁၈၀)အထက် တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကို မိမိတို့ နိုင်ငံသူနိုင်ငံသား ပညာရှင်များ၏စွမ်းအားဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် ကမ္ပည်းမော်ကွန်းတင်နိုင်ခြင်းလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီ ပေါ်ထွန်းလာခြင်းသည် နိုင်ငံနှင့် လူမျိုး၏ စီးပွားရေး ခနအင်အား ခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှုတို့ကို ဖော်ညွှန်းနေခြင်းလည်းဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ စေတနာသည် ပြည်သူပြည်သားတစ်ဦးချင်း၏ ဆန္ဒဖြစ်သည့် ဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ ပရိယေသန ရှာမှီးရင်း စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်းမြင့်မားလိုမှု၊ လူနေမှု အဆင့်အတန်းမြင့်မြင့်မားမား နေထိုင်သွားလာလိုမှု၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေလိုမှု ဆိုသော အခြေခံအကြောင်းတရားများကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဆိုသည့် မှန်မြတ်သော ရည်မှန်းချက်များပင် ဖြစ်ကြောင်း။

ယခုဆိုလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အထောက်အကူပြုနေသော မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် အသုံးပြုသော ယာဉ်စီးရေနှင့် ကုန်ပစ္စည်းတင်ဆောင်မှုများသည် သိသိသာသာ တိုးတက်များပြားလာသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ သီပေါတံတားဟောင်းသည် တန်ချိန် ၃၀ ခံနိုင်ဝန်ရှိသည့် တစ်လမ်းသွားဘေလီတံတားဖြစ်သဖြင့် အလေးချိန်ခံနိုင်ဝန်နည်းသဖြင့် မကြာခဏသံပေါင်များချွတ်ယွင်းမှုရှိခြင်းကြောင့် ပြုပြင်နေရခြင်း၊ သံပေါင်များ ပြုပြင်ပြီးသည်အထိ ယာဉ်များစွာ စောင့်ဆိုင်းနေရခြင်း၊ တင်ဆောင်လာသောကုန်ပစ္စည်းများ ရွှေ့ပြောင်းတင်ချနေရခြင်းတို့ကြောင့် ငွေကုန်ကြေးကျပိုမိုများပြားပြီး ကုန်ပစ္စည်းစီးဆင်းမှုများ နှောင့်နှေးကာ အခက်အခဲကြုံတွေ့မှုများ များစွာ ဖြစ်ပေါ်ခဲ့ရသည်ကို ဒေသခံပြည်သူလူထုများ အသိဆုံးပင်ဖြစ်ကြောင်း။

ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အေး ရှား ဝေါလ် ကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင် တို့ သီပေါ တံတား ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

အတွေ့အကြုံရှိ

ယခုကဲ့သို့ အခက်အခဲများကို ကျော်လွှားပြီး အသုံးပြုယာဉ်ကြီးများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားသစ်များ တည်ဆောက်ရန်လိုအပ်လာကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပေ (၁၈၀) အထက် တံတားများဖြစ်သည့် ကြင်သီတံတား၊ စဥ့်အင်တံတား၊ သိန္နီတံတား၊ နမ့်ခိုင်တံတားနှင့် ဂုတ်တွင်းတံတားများ တည်ဆောက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့် လမ်းလုပ်ငန်းတွင် အတွေ့အကြုံရှိပြီးဖြစ်သော လမ်းပိုင်းကို BOT အဖြစ် တာဝန်ယူထားသော အေးရှားဝေါလ်ကုမ္ပဏီက တံတားသစ်များကို တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး သီပေါတံတားသစ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တံတားသစ်တည်ဆောက်စဉ် ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးအတွက် ယာယီအသုံးပြုနိုင်သည့် ပွန်တွန်းတံတားတစ်စင်းကို အေးရှားဝေါလ်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ပြီး ယာဉ်ကြီးများအသုံးပြုသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ဤတံတားသစ်ကို တည်ဆောက်ခဲ့ရာ၌ ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်စဉ်တွင် ထူထဲသည့်အောက်ခံကျောက်လွှာများတွေ့ရသဖြင့် အခက်အခဲများ များစွာရှိခဲ့သော်လည်း ကုမ္ပဏီမှ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ဤအခက်အခဲများကို ကျော်လွှားကာ တံတားအရှည် ၅၆၉ ပေရှိပြီး ယာဉ်တစ်စီးချင်း တန် ၆၀ခံနိုင်ဝန်ရှိသည့် သီပေါတံတားသစ်ကြီးကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုတံတားသစ်သည် အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးတွင် ခြောက်စင်းမြောက် ပေ (၁၈၀)အထက် တံတားအဖြစ် အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

စတင်လွှဲပြောင်းဆောင်ရွက်

အေးရှားဝေါလ်ကုမ္ပဏီသည် ဤတံတားကြီးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်း လားရှိုး-မူဆယ် (မိုင်းယု) လမ်းအပိုင်း ၁၀၂ မိုင် ၃ ဖာလုံကို ၁၉၉၆ ခုနှစ်ကစပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ BOT စနစ်ဖြင့် စတင်လွှဲပြောင်း ဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်၍ ယင်းလမ်းမကြီးတွင်ပင် ၁၉၉၈ ခုနှစ်က နောင်ချို-ကျောက်မဲ လမ်းအပိုင်း ၄၄ မိုင်၊ ၂၀၀၀ ခုနှစ်က မိုင်းယု-မူဆယ်လမ်း အပိုင်း ၁၀ မိုင်နှင့် မူဆယ်-နမ့်ခမ်း လမ်းအပိုင်း ၂၂ မိုင်၊ ၂၀၀၂ ခုနှစ်က မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်းအပိုင်း ၇၁ မိုင်၊ ၂၀၀၆ ခုနှစ်က ကျောက်မဲ-လားရှိုးလမ်းအပိုင်း ၄၉ မိုင် စုစုပေါင်းလမ်းမိုင် ၂၉၈ မိုင် ၃ ဖာလုံကို BOT ယူခဲ့သည့် အချိန်ကစ၍ စံချိန်စံညွှန်းများနှင့်အညီ လမ်းကြိုခိုင်မှု ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကုမ္ပဏီမှအတတ်ပညာရှင်များ၊ ဝန်ထမ်းများ၏စွမ်းအားဖြင့် စနစ်တကျ စေတနာပါပါ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း။

မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေသည်သာမက မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေးတွင် ပြည်တွင်းမှ ကုန်များတင်ပို့ခြင်းနှင့် ပြည်ပမှ ကုန်များ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အရေးပါသော လမ်းမကြီးဖြစ်ကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

နိုင်ငံတော်အစိုးရ၏ စေတနာသည် ပြည်သူပြည်သားတစ်ဦးချင်း၏ ဆန္ဒဖြစ်သည့် ဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ ပရိယေသန ရှာမှီးရင်း စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်းမြင့်မားလိုမှု၊ လူနေမှု အဆင့်အတန်းမြင့်မြင့်မားမား နေထိုင်သွားလာလိုမှု၊ နိုင်ငံတကာ တိုးတက် ပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်စေလိုမှု ဆိုသော အခြေခံအကြောင်းတရားများကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဆိုသည့် မှန်မြတ်သော ရည်မှန်းချက်များပင်ဖြစ်။

7-3 (07).pmd 1 3/7/2011, 2:41 AM

စာမျက်နှာ ၇ မှ

ကုန်စည်စီးဆင်းမှုလျင်မြန်

အေးရှားဝေါလ်ကုမ္ပဏီ၏ စေတနာထားကြိုးပမ်းလုပ်ဆောင်မှု၊ စွမ်းဆောင်မှုကြောင့် ယခုအခါ ဤလမ်းမကြီးကို လွယ်ကူချောမွေ့စွာ အသုံးပြု ဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုလုပ်ငန်းတွင် ကုန်စည်စီးဆင်းမှုများ လျင်မြန်သွက်လက်သည့် အကျိုးကျေးဇူးများ ပိုမိုရရှိလာတော့မည်ဖြစ်သဖြင့် စံချိန်စံညွှန်းမီ လမ်းတံတားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့သည့် အေးရှားဝေါလ်ကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံကောင်းများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက် ရှိနေကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုဖွင့်လှစ်ပေးသည့် တံတားကြီးကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ ဤတံတားကြီးအပါအဝင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို သားစဉ်မြေးဆက်တိုင် အသုံးချနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောက အမှာစကားပြောကြားရာတွင် ယခု တံတားသစ်ကြီး မတည်ဆောက်မီကဆိုလျှင် နေ့စဉ် ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ အလေးချိန်ကြောင့် မကြာခဏ တံတားပျက်စီးယိုယွင်းမှုများဖြစ်ပေါ်ခဲ့ပြီး လမ်းပိတ်ဆို့ရပ်တန့်မှုများ၊ ညအိပ်ရပ်နား စောင့်ဆိုင်းရမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ကုန်တင်ယာဉ်ကြီးများဆိုလျှင် ကုန်ပစ္စည်းများကို တံတားတစ်ဖက်တွင် ချထားပြီး ယာဉ်တစ်စီးချင်း ခေါက်တုံ့ခေါက်ပြန် သယ်ယူဖြတ်သန်းသွားလာကြရကြောင်း။

ဤတံတားကြီးကို တည်ဆောက် ဖွင့်လှစ်နိုင်သည့်အတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့် ကုန်စည်ပို့ဆောင်မည့်ယာဉ်ကြီး၊ ယာဉ်ငယ်များ အလွယ်တကူ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက်သာမက အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအထိ ယာဉ်များ အလွယ်တကူသွားလာနိုင်ပြီဖြစ်သည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာ၌လည်း လွယ်ကူမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ တံတားကြီး၊ တံတားငယ်များနှင့် ဒေသချင်းဆက်လမ်းများ အကျိုးကျေးဇူးကြောင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လာသည်နှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နယ်မြေလုံခြုံအေးချမ်းမှုလည်း ပိုမိုတိုးတက်ကောင်းမွန်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူပြုပေးနိုင်ပြီဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံနှင့်အဝန်း ပေါ်ပေါက်နေပြီဖြစ်သည့် လမ်းများ၊ တံတားကြီး၊ တံတားငယ်များကြောင့် နိုင်ငံတော်၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ သွက်လက်မြန်ဆန်လာခြင်းနှင့် ဒေသအချင်းချင်း ဆက်သွယ်ဆက်ဆံမှုများ လွယ်ကူချောမွေ့သည့် ကောင်းကျိုးချမ်းသာမှုများကိုလည်း ရယူခံစားရမည် ဖြစ်ပါကြောင်း။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တစ်တပ်တစ်အားပါဝင်

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဖွံ့ဖြိုးမှု၏အခြေခံဖြစ်သော လမ်းနှင့်တံတားများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်မှာ ပြည်နယ်/ပြည်မ လူမျိုးခွဲခြားမှုမရှိဘဲ တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က မည်သို့ပင်ဆောင်ရွက်ပေးပါစေ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုမရှိလျှင်၊ စောင့်ရှောက်ထိန်းသိမ်းမှုမရှိလျှင် တိုးတက်မှုဆိုသည်မှာ ဖြစ်လာမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှုအခြေခံများကို အသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ဖွင့်လှစ်လိုက်သည့် ၂၅၉ စင်းမြောက် သီပေါတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ငွေကြေးကုန်ကျခံကာ ၁-၅-၂၀၀၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဤတံတားသစ်ကြီးကို တည်ဆောက်သည့် အေးရှားဝေါလ်ကုမ္ပဏီသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းအပိုင်းကို BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါကြောင်း။

တိုးတက်ခိုင်မာ

ဤတံတားသစ်ကြီးမတည်ဆောက်မီက မိုင် (၁၃၀/၄)နှင့် (၁၃၀/၅) ကြားတွင်ရှိသော တံတားဟောင်းသည် ၁၉၈၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဒုဋ္ဌဝတီမြစ်ရေတက်ပြီး တောင်ကျရေနှင့်ပါလာသော သစ်ပင်ကြီးများက တံတားကို တိုက်ချိုးမှုကြောင့် တံတားတစ်စင်းလုံး ပြုတ်ကျပျက်စီးခဲ့ဖူးပါကြောင်း၊ ၁၉၈၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဤတံတားကြီးကို ပြန်လည်တည်ဆောက်ပေးခဲ့ပြီး ယခုဆိုလျှင် တံတားသက်တမ်းသည် ၂၅ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ဤတံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ တစ်နေ့တခြား တိုးပွားများပြားစွာ ဖြတ်သန်းသွားလာနေကြသည့်အတွက် တံတားခံနိုင်ဝန် ကျဆင်းလာခြင်း၊ တံတားကြီး ကြံ့ခိုင်မှုအားနည်းလာခြင်းနှင့် နေ့စဉ် ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ အလေးချိန်ကြောင့် တံတားဟောင်းသည် မကြာခဏ ပျက်စီးယိုယွင်းမှုများ ဖြစ်လာသည့်အတွက် လမ်းကြောင်းပိတ်ဆို့ရပ်တန့်မှုများ၊ ယာဉ်များ ညအိပ်ရပ်နားစောင့်ဆိုင်းရမှုများဖြစ်ပေါ် ကြုံတွေ့ခဲ့ရပါကြောင်း၊ တံတားခံနိုင်ဝန်သည်လည်း ကျဆင်းလာသည့်အတွက် ကုန်တင်ယာဉ်ကြီးများသည် ကုန်ပစ္စည်းများကို တံတားပေါ်တွင် ခေါက်တုံ့ခေါက်ပြန် သယ်ယူဖြတ်သန်းသွားလာနေရပြီး လမ်းခရီးလုံခြုံချောမွေ့မှုနှင့် ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာမှု ဖြစ်ခဲ့ရပါကြောင်း၊ ထို့အပြင် တံတားပေါ်တွင် ယာဉ်တစ်စီးချင်းသာ ဖြတ်သန်း ခွင့်ပြုခြင်းဖြစ်၍ တံတားတစ်ဖက်တစ်ချက်စီတွင် ယာဉ်များ စောင့်ဆိုင်းနေခဲ့ကြရပါကြောင်း၊ ယခုဆိုလျှင် နှစ်လမ်းသွားတံတားသစ်ကြီး ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် ယာဉ်များ စောင့်ဆိုင်းရန်မလိုတော့ဘဲ လွယ်ကူချောမွေ့စွာဖြင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလျင်မြန် လွယ်ကူစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝ တိုး…
အကျိုးကျေးဇူးများကို ရရှိကြမည်ဖြစ်ပါကြော…

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ သီပေါတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် တံတား တည်ဆောက် ရေး လုပ် ငန်း များ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါ တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အားထုတ်ကြိုးပမ်း…

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်… တိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီ… ဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံမျာ… အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ… **ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယ… တံတားပေါင်း ၂၉၄၃ စင်းနှင့် ပေ (၁၈၀) အ… တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ (၁၈၀)… တည်ဆောက်နေဆဲဖြစ်ပါကြောင်း၊ ယခု ဧ… ငါးစင်းတည်ဆောက်လျက်ရှိရာတွင် နှစ်လမ်း… လမ်းပူးတွဲတံတားကြီး လေးစင်းနှင့် နှစ်လမ်း… တံတားကြီး တစ်စင်းတည်ဆောက်နေပါကြော…**

ထို့အပြင် လမ်းတံတားလုပ်ငန်းများကို… တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၁၉… အရှည်မိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင်… ရှိလာပြီဖြစ်သည့်အတွက် ၈၃၄၄ မိုင် ၅ ဖာလုံ… ပါကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌ… လမ်းများအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)… လမ်းများမှာ-

(၁) သီပေါ-ပန်လုံ-နမ့်ဆန်လမ်း
(၂) လားရှိုး-မန်စံ-ပန်လုံလမ်း
(၃) မန်စံ-နမ္မတူ-မန်တုံလမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ (၁၈၀) အောက် တံတား ပေါင်း ၂၉၄၃ စင်းနှင့် ပေ (၁၈၀) အထက် တံတားကြီး ၂၅၉ စင်း တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ပြီး ပေ (၁၈၀) အထက် တံတား ၅၈ စင်း တည်ဆောက်နေဆဲဖြစ်၊ ယခု ဧရာဝတီ မြစ်ကူးတံတားကြီး ငါးစင်းတည်ဆောက်လျက် ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထား လမ်းပူးတွဲ တံတားကြီးလေးစင်းနှင့် နှစ်လမ်း သွား ကားလမ်းသက်သက် တံတားကြီး တစ်စင်း တည်ဆောက်နေ။

သီ…

လီမိ…
တည်…
သီပေ…
စဉ်။

ပညာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝ တိုးတက်ခိုင်မာလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိကြမည်ဖြစ်ပါကြောင်း။

အားထုတ်ကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည့်စုံကောင်းမွန်လာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ (၁၈၀) အောက် တံတားပေါင်း ၂၉၄၃ စင်းနှင့် ပေ (၁၈၀) အထက်တံတားကြီး ၂၅၉ စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ (၁၈၀) အထက်တံတား ၅၈ စင်း တည်ဆောက်နေဆဲဖြစ်ပါကြောင်း၊ ယခု ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်းတည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပူးတွဲတံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီး တစ်စင်းတည်ဆောက်နေပါကြောင်း။**

ထို့အပြင် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၉၇၉ မိုင် ၅ ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၈၃၄၄ မိုင် ၅ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော လမ်းများအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆောင်ရွက်နေသော လမ်းများမှာ-

(၁) သီပေါ-ပန်လုံ-နမ့်ဆန်လမ်း ၃၀ မိုင် ၇ ဖာလုံ
(၂) လားရှိုး-မန်စံ-ပန်လုံလမ်း ၂၈ မိုင် ၄ ဖာလုံ
(၃) မန်စံ-နမ္မတူ-မန်တုံလမ်း ၃၇ မိုင်
(၄) ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း ၇၆ မိုင် ၃ ဖာလုံ
(၅) နမ့်ဆန်-မန်တုံလမ်း ၃၇ မိုင်
(၆) ကွတ်ခိုင်-တာမိုးညဲ-တာပါး-ညံခွမ်း-
(တာရွှေထန်) ၁၈ မိုင် လမ်းခွဲလမ်း ၇၈ မိုင်

တို့ဖြစ်ပါကြောင်း။

ထို့အပြင် **ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာပြည်တစ်ပြည်လုံး လမ်းများကို ခရိုင် (၆၇) ခရိုင်၊ အထူးအဖွဲ့ (၅) ဖွဲ့၊ အထူးအဖွဲ့ခွဲ (၅) ဖွဲ့ ပါသော ဆောက်လုပ်ရေးအဖွဲ့များနှင့် လမ်းတံတားလုပ်ငန်းလုပ်နေသော ကုမ္ပဏီ (၁၂၆)ဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် BOT ရရှိထားသော ကုမ္ပဏီ (၃၆)ခုကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းပေါင်း (၈၄)လမ်း၊ လမ်းမိုင်ပေါင်း ၅၂၅၂ မိုင် ၁ ဖာလုံကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါကြောင်း။**

ယနေ့ ဖွင့်လှစ်သော တံတားကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီဖြင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားအောင်၊ ရေရှည်အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်း၊ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုသွားရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဤတံတားကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့်ဆက်စပ်၍ ဒေသ၏ အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင်ရှိသည့် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု၍ တံတားကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

တိုးတက်ဖွံ့ဖြိုး

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သီပေါမြို့မှ ဦးစိုင်းလွန်းသာက သီပေါတံတားသစ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသထွက်ကုန်များ လွယ်ကူချောမွေ့စွာ၊ လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးသည်လည်း ပိုမိုကြီးထွားဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ကုန်စည်ကူးသန်းမှု လျင်မြန်တိုးတက်လာသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများသည်လည်း ရေမြင့်လျှင်ကြာတင့် ဆိုသကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်လှသည့် စေတနာပြယုဂ်ဖြစ်သော သီပေါတံတားသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် မိမိတို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားပါမည်ဟု ကတိစကား ပြောကြားလိုပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ထို့နောက် အတွင်းရေးမှူး(၁)သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က သီပေါတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် သီပေါတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီပေါတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၁၃၀/၃)နှင့် (၁၃၀/၄)အကြား၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၆၉ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၅ ပေစီ ပါရှိသည့် တံတားဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

(သတင်းစဉ်)

...နအနေဖြင့် ၁၉၈၈
...) အောက် တံတား
...ပ(၁၈၀) အထက်
...ည်ဆောက်ဖွင့်လှစ်
...) အထက် တံတား
...ဖြစ်၊ ယခု ဧရာဝတီ
...တည်ဆောက်လျက်
...းလမ်းနှင့် ရထား
...းစင်းနှင့် နှစ်လမ်း
...တံတားကြီး တစ်စင်း

သီပေါတံတားသစ်

အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် သီပေါတံတားသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
မန်ကျည်းဖြူနှင့်မင်္ဂလာရွှေဂူကြီး ကျေးရွာတံတားများ ဝက်လက်မြို့နယ်၌ဖွင့်

နေပြည်တော် မတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မန်ကျည်းဖြူကျေးရွာ သစ်သားတံတားသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတစ်ဦးတို့က မန်ကျည်းဖြူကျေးရွာတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည်တံတားသစ်ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

သွားလာနိုင်

အဆိုပါ မန်ကျည်းဖြူကျေးရွာ သစ်သားတံတားသစ်သည် အရှည်ပေ ၁၅၀၊ အကျယ် ၁၄ပေနှင့် အမြင့် ၁၈ ပေရှိပြီး ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် ပြီးစီးခဲ့သော မင်္ဂလာရွှေဂူကြီး(ဆင်းကွတ်)ကျေးရွာ တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတစ်ဦးတို့က မင်္ဂလာရွှေဂူကြီး (ဆင်းကွတ်) ကျေးရွာ တံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားသစ်ပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ မင်္ဂလာရွှေဂူကြီး (ဆင်းကွတ်) တံတားသည် အရှည်ပေ၁၅၀၊ အကျယ်၁၈ပေနှင့် အမြင့် ၁၇ပေရှိပြီး ဝက်လက်မြို့နယ်စည်ပင်သာယာရေး အဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၁၀- ၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားပြီးစီး သွားသဖြင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ မန်ကျည်းဖြူတံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၅၀၂၂ ဒသမ ၇၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မတ် ၆

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ ဘိန်းခင်း ၁၄၂၆၀ ဒသမ ၈ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘိန်းခင်း ၇၆၀ ဒသမ ၉၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၁၅၀၂၂ ဒသမ ၇၅ ဧကဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၇၆၀ ဒသမ ၉၅ ဧကအနက် ရှမ်းပြည်နယ် မိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်နှင့် မိုးမိတ်မြို့နယ်အတွင်းမှ ၃၄၉ ဒသမ ၆၅ ဧက၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်အတွင်းမှ ၄၁၁ ဒသမ ၃၀ ဧက ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝဲကြီးကျေးရွာနေ မောင်ရန်လင်းအောင်သည် မတ် ၅ ရက်တွင် ဝါးခုတ်ရန် ရွာမှထွက်ခွာလာစဉ် နံနက် ၇ နာရီခွဲခန့်တွင် ရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောတွင်း တစ်နေရာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေချင်းဝတ်အောက်မှ ပြတ်ရှဒဏ်ရာ ရရှိခဲ့ပြီး တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါး ကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

မိုးမြင့်လင်းလက် စုစည်းတင်ပြသည်

အာဖဂန်အရှေ့တောင်ပိုင်း၌လမ်းဘေးဗုံးပေါက်ကွဲ ၁၂ ဦးသေဆုံး ငါးဦးဒဏ်ရာရရှိ

ကဘူးလ် မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ပက်တီကာပြည်နယ်တွင် မတ် ၆ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ၁၂ ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

သေဆုံး

၎င်းဗုံးပေါက်ကွဲမှုမှာ ပက်တီကာပြည်နယ် ဝါဇာခဝါခရိုင်အတွင်းဖြစ်ပြီး နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်က ဖြစ်ပွားခဲ့ရာ အမျိုးသမီးနှစ်ဦး၊ ကလေးငါးဦးနှင့် အမျိုးသားငါးဦးတို့သေဆုံးခဲ့ခြင်းဖြစ်သည်။

ယခုဗုံးခွဲမှုမှာ တာလီဘန်အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း ဒုတိယမြောက် အရပ်သားသေဆုံးမှုအများဆုံး ဗုံးခွဲတိုက်ခိုက်မှုပင်ဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲ

ပထမဆုံးတိုက်ခိုက်မှုမှာ ပြီးခဲ့သည့် ဇန်နဝါရီ ၁၉ ရက်က ခူရာမန့်ခရိုင်အတွင်း လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အရပ်သား ၁၃ ဦး သေဆုံးခဲ့ရသည်။

(အင်တာနက်)

အင်္ဂလာ အနောက်တောင်ပိုင်း၌ ရေလွှမ်း ဒေသခံ ၂၅ ဦးသေဆုံး

လူအန်ဒါ မတ် ၆

အင်ဂိုလာနိုင်ငံ အနောက်တောင်ပိုင်း နာမီဘီပြည်နယ်တွင် မတ် ၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံ ၂၅ ဦးသေဆုံးခဲ့ကြောင်း အင်ဂိုလာအရာရှိများက ပြောကြားသည်။

နာမီဘီပြည်နယ် နေရာဒေသအများအပြားများတွင် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ရေလွှမ်းမှုမှာ ဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း အင်ဂိုလာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဆီဘာစတီ ရာရီက ပြောကြားသည်။

ရေလွှမ်းမှုမှာ အင်ဂိုလာနိုင်ငံ လူအန်ဒါ မြို့တော်တောင်ဘက် မိုင် ၄၆၀ ခန့်အကွာ ကမ်းရိုးတန်းဒေသများတွင်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဖေဖော်ဝါရီ ၁ ရက်က အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းထောင့်ရှိ သိပ္ပံဈေး(ဆင်မင်းဈေး)တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြစဉ်။ (မြန်မာ့အလင်း)

ရွှေတောင်မြို့ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် လေ့ကျင့်သရုပ်ပြပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့ ကြီးကြပ်လျက် ဈေးမိဈေးဖများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်ကာ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပကြစဉ်။ (မြို့နယ်စည်ပင်)

နတ်မောက်မြို့နယ် မြို့မဈေးကြီး မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၄ ရက်ကဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကို၊ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇေယျာသီရိမြို့နယ် ရေဆင်းဈေး မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်ပွဲကို မတ် ၂ ရက်က ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပုဗ္ဗသီရိမြို့နယ် ဌာနခွဲမှူး ဦးအောင်ဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၂ရက်က မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တရုတ်မှ တန်ဂွန်-၁ အာကာသယာဉ်လွှတ်တင်မည်

ပေကျင်း မတ် ၆

တရုတ်နိုင်ငံက လူလိုက်ပါခြင်းမရှိသည့် တန်ဂွန်-၁ အာကာသယာဉ်ကို လောင်းမတ်-၂ အက်ဖ်ဒုံးပျံဖြင့် ယခုနှစ်အတွင်း လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်တစ်ဦးက မတ် ၆ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

တန်ဂွန်-၁ အာကာသယာဉ်သည် အလေးချိန် ၈ ဒသမ ၅ တန်ရှိပြီး အာကာသသို့ ယခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း လွှတ်တင်ရန် စီစဉ်ထားရာ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ တရုတ်နိုင်ငံ၏ ယခုနှစ်အတွင်း ပထမဆုံးအာကာသယာဉ်ချိတ်ဆက်မှုလုပ်ငန်းဖြစ်လာမည်ဟု အဆိုပါသိပ္ပံပညာရှင်က ပြောကြားသည်။

လွှတ်တင်မည်

တရုတ်နိုင်ငံအနေဖြင့် တန်ဂွန်-၁ အာကာသယာဉ်လွှတ်တင်ပြီး နှစ်လအကြာတွင် ရှန်ကျိုး-၈ အာကာသယာဉ်တစ်စင်းကိုလည်း ဆက်လက်လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။ ရှန်ကျိုး-၈ အာကာသယာဉ်ကိုလည်း လောင်းမတ်-၂ အက်ဖ်ဒုံးပျံဖြင့်ပင် လွှတ်တင်မည်ဖြစ်သည်။

ထုတ်လုပ်

လောင်းမတ်-၂ အက်ဖ် ဒုံးပျံမှာ တရုတ်နိုင်ငံမှ ၁၉၉၂ခုနှစ်၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး စိတ်ချရမှုအရှိဆုံး ဒုံးပျံအမျိုးအစားလည်းဖြစ်သည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း နောင်ရှီရာမြို့တွင် မတ် ၄ ရက်က လူကိုးဦး သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှု မြင်ကွင်း။ (ယင်းဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူ ၃၀ ခန့်ရှိကြောင်း သိရသည်)။ **(အင်တာနက်)**

ဘရာဇီးတောင်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား

ရီယိုဒီဂျနေရိုး မတ် ၆

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် မတ် ၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ ၂၅ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီးမီဒီယာများက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုမှာ ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ် ဒက်စ်ကန်ဆိုမြို့အနီး အဝေးပြေးလမ်းပေါ်တွင် ခရီးသည် ၄၀ တင်ဆောင်လာသည့် ဘတ်စကားတစ်စီးနှင့် သစ်ခွဲသားများတင်ဆောင်လာသော ထရပ်ကားတစ်စီးတို့တိုက်မိခဲ့ကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထိုသို့ယာဉ်တိုက်မှုကြောင့် ထရပ်ကားယာဉ်မောင်းအပါအဝင် ၂၂ ဦး သေဆုံးခဲ့သည်ဟု အစောပိုင်းသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဆေးရုံသို့ တင်ပို့ထားသော ဒဏ်ရာရသူများအနက်မှ သုံးဦးသေဆုံးသွားသဖြင့် သေဆုံးသူ ၂၅ ဦးအထိ ရှိခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ကမ္ဘောဒီးယား၌ မြေမြှုပ်ဗုံးထိသေဆုံးဒဏ်ရာရသူ

၂၀၁၀ ခုနှစ်တွင် ပိုမိုများပြားလာ

ဖနောင်ပင် မတ် ၆

ကမ္ဘောဒီးယားနိုင်ငံ၌ မြေမြှုပ်ဗုံးများနှင့် မပေါက်ကွဲသေးသော စစ်လက်နက် ပစ္စည်းများကြောင့် ၂၀၁၀ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှုဦးရေမှာ ယမန်နှစ်ကထက်ပိုများကြောင်း ဆင်ဟွာသတင်းတွင် မတ် ၅ ရက်က ဖော်ပြသည်။

ထုတ်ပြန်

၂၀၁၀ ခုနှစ်အတွင်း မြေမြှုပ်ဗုံးများနှင့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများကြောင့် သေဆုံးထိခိုက်ဒဏ်ရာရသူပေါင်း ၂၈၆ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၇၂ ဦး သေဆုံးပြီး ၁၇၀ဒဏ်ရာရကာ ၄၄ ဦးမှာ ခြေပြတ်ခဲ့ရကြောင်း သက်ဆိုင်ရာကထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

သိရ

၂၀၀၉ ခုနှစ်အတွင်း အလားတူ အဖြစ်ဆိုးကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရသူပေါင်းမှာ ၂၄၄ ဦးသာ ရှိ ခဲ့ကြောင်း၊ ၎င်းတို့အနက် ၄၈ ဦး သေဆုံးပြီး ၁၄၂ ဦးဒဏ်ရာရ ရှိကာ ၅၄ ဦး ခြေထောက်ပြတ်ခဲ့ရကြောင်း သိရသည်။

ဖယ်ရှားနိုင်

ကမ္ဘောဒီးယားနိုင်ငံသည် စစ်အတွင်းက မြေမြှုပ်ဗုံးနှင့် ဖောက်ခွဲရေး ပစ္စည်း အကြွင်းအကျန်များကို နှစ်ပေါင်း ၂၀ အတွင်း များစွာ ဖယ်ရှားခဲ့ရသည်။ (အင်တာနက်)

ပါကစ္စတန်၌ ရဲလေ့ကျင့်ရေးဌာန တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မတ် ၆

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်း ရဲတပ်ဖွဲ့လေ့ကျင့်ရေးဌာန၌ မတ် ၅ ရက် ညပိုင်းက သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

မရှိသေး

ဖြစ်ပွားမှုမှာ ကရာချိမြို့ ဘယ်ဒီရာအရပ်တွင် မတ် ၅ ရက် ည ၁၁ နာရီ မိနစ် ၃၀က ဆိုင်ကယ်စီးနင်းလာသည့် သေနတ်သမားများ၏ ဝင်ရောက်တိုက်ခိုက်မှုကို ခံရခြင်းဖြစ်သည်။ ထိုသို့ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ခြင်း မရှိသေးချေ။

ဒဏ်ရာရ

ကရာချိမြို့တွင် မတ် ၅ ရက် နံနက်ကလည်း ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်၊ အိမ် ၁၀၀ ကျော်ပျက်စီး

ရေးနေ မတ် ၆

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်တွင် မတ် ၆ ရက်က လေဆင်နှာမောင်းတိုက်ခတ်သဖြင့် အိမ်များပျက်စီးပြီး အမျိုးသမီးတစ်ဦး သေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ရွှေ့ပြောင်းခဲ့

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူဝီစီယားနားပြည်နယ် ရေးနေမြို့၌ နေအိမ် ၁၀၀ ကျော် ပျက်စီးခဲ့ပြီး မြို့နေလူရာပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ လေဆင်နှာမောင်းကဲ့သို့ ပြင်းထန်သော လေပြင်းမုန်တိုင်းတိုက်ခတ်မှုသည် အလာဘားမား၊ မစ္စစ္စပီနှင့်လူဝီစီယားနားပြည်နယ်တို့၌ အများဆုံးဖြစ်ပေါ်လေ့ရှိသည်။

ပြိုလဲ

သေဆုံးသည့် အမျိုးသမီးမှာ အသက် ၂၁ နှစ်အရွယ်ရှိပြီး နေအိမ်ပေါ်သစ်ပင်ပြိုလဲကျမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူတစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ပြီး မော်တော်ယာဉ်များပေါ်သို့ သစ်ပင်ပြိုလဲကျမှုများလည်း ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

ရုရှားတောင်ပိုင်း၌ လေယာဉ်ပျက်ကျ

မော်စကို မတ် ၆

ရုရှားနိုင်ငံတောင်ပိုင်းတွင် မတ် ၅ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးစလုံးသေဆုံးခဲ့ကြောင်း၊ ၎င်းလေယာဉ်မှာ လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

မတော်တဆ

လေယာဉ်ပျက်ကျသည့်နေရာမှာ မော်စကိုမြို့တောင်ဘက် ကီလိုမီတာ ၆၀၀ ခန့်အကွာ ဘီလ်ရိုရှော့ဒ် ဒေသတွင်ဖြစ်သည်။ ထိုသို့ပျက်ကျခြင်းမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့သော်လည်း မြေပြင်မှလူများ ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

၎င်းလေယာဉ်မှာ ဟင်းသီးဟင်းရွက်စိုက်ခင်းတစ်ခုအနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်အမျိုးအစားမှာ အန်တိုနော့ဗ်-၁၄၈ အမျိုးအစားဖြစ်ပြီး ခရီးသည် ၉၉ ဦး တင်ဆောင်နိုင်သည့် လေယာဉ်အမျိုးအစားဖြစ်သည်။ **(အောက်ပုံ)** **(အင်တာနက်)**

“ BRANDED QUALITY ”

2011 BRANDED FASHION ...

NYC
new york collection
☎ 01 501954

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့်တို့၏တူသား
ဦးဝင်းမောင် (Manager, Chin Su Myanmar Co., Ltd.)-ဒေါ်ခင်သန်းနွဲ့
(D.G.M, Mayflower Mining Enterprises Ltd.) တို့၏သားကြီး

ဗိုလ်မှူးဝေယံအောင် **B.Sc(D.S.A)**

တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့နေ
Capt. ဦးဝင်းကျော် (M.P.E)-ဒေါ်ယဉ်ယဉ်ထွန်းတို့၏ တစ်ဦးတည်းသောသမီး

မဝါဝါဝင်းကျော် **B.A (Business Management)**

Crew Coordinator (Asian Wings Airways Co., Ltd.)

တို့၏ ၂-၃-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပွဲ၌ တရားသူကြီးအဖြစ် ဆောင်ရွက်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးတင်ထွဋ်အားလည်းကောင်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်မှူးထွန်းကျော်သူနှင့် ဇနီး ဒေါ်ယဉ်နွယ်စိုး၊ ဦးလွင်မိုး(မန်နေဂျာ Asia Winds Airway Ltd.)နှင့် ဇနီး မစုစုလှိုင်ဇော်တို့အားလည်းကောင်း၊ ၃-၃-၂၀၁၁ ရက် (ကြာသပတေးနေ့)တွင် ရတနာဗိမာန်ကျောင်းတော်၌ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေး၌ ကြွရောက်ချီးမြှင့်ပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၅-၃-၂၀၁၁ ရက် (စနေနေ့)တွင် Sedona Hotel Grand Ball room တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ဆွေညွန့်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဆုမွန်ဝင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မရင်ရင်ညိုမြင့်၊ မင်္ဂလာအောင်လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မနှင်းဦးဝေ၊ သတို့သားအရံ ဗိုလ်မှူးဝဏ္ဏဌေးနှင့် ဗိုလ်မှူးကျော်ကျော်ထွန်း၊ သတို့သမီးအရံ မအေးမြတ်မွန်နှင့် မဇာဖြူတင့်လွင်တို့အားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်ပန်းခြင်းကိုင်ဆောင်ပေးပါသော မခင်စံမှီနိုင်နှင့် မဖြိုးသီရိဇော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်းနှင့် တေးသံသာများဖြင့်ဖျော်ဖြေပေးပါသော Emperor တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မေတ္တာဖြင့် သတို့သမီးလက်ဝတ်ရတနာများကို ဆင်ယင်ဆောင်ရွက်ပေးပါသော သဇင်ရတနာ (ဗိုလ်ချုပ်ဈေး)မှ အန်တီတင့်နှင့် အန်တီမြင့်၊ ကြယ်စင်နန်းတော်ရတနာဆိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးသော မိတ်ကပ်လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာသတို့သမီးဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာကိုတွတ်(တော်ဝင်သူ)၊ ရွှေပြည်တန်မိုးထည်တိုက်၊ ဓာတ်ပုံနှင့်ဗီဒီယိုများကို မှတ်တမ်းတင် ရိုက်ကူးပေးပါသော Akai နှင့်အဖွဲ့၊ မင်္ဂလာပန်းအလှများဆင်မြန်းပေးပါသော Eternal Flower၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာညစာစားပွဲများတွင် အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးနှင့် မတင်မိုးလွင်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖိတ်စာများကို စိတ်တိုင်းကျစီစဉ်ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းနှင့် ဧည့်ပရိသတ်များအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဝေယံအောင်-မဝါဝါဝင်းကျော်။

OD Tour Oriental Dragon Travel & Tour since 1997

MANTRA Group of Companies
Conveyor Belting And Fabrication Specialist

Conveyor
Conveyor Belt
Head Pully, Tail Pully Conveyor Roller
Drum Lagging & Lining Material
Belt Cleaner, Safety Swift, Vibrator
Conveyor Glue
Conveyor System
Conveyor Belt

THE MAP OF YANGON
(2010)
www.dpsmap.com
MAPS

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ် ဦးမောင်မောင် ၉/ညဥန(နိုင်)၀၉၇၂၆၃၏ သမီးဖြစ်သူ မဇာခြည်ဝင်းမောင် ၉/ညဥန(နိုင်)၁၆၈၃၅၁ သည် မိဘ၊ ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်မောင်
၉/ညဥန(နိုင်)၀၉၇၂၆၃၊
ပုဂံသောင်ဦး၊ ဝက်ကြီးအင်း၊
အမှတ်(၇)ရပ်ကွက်။

ရန်သူမီးဘေး
တားဆီးရေး
မငေ့နး
ဆောင်ရွက်ကြ

ထူးခြားသည့် နေ့အပူချိန်များ

၆-၃-၂၀၁၁

ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၀ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၀ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၈:၁၅ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ အကပဒေသာ
၄:၂၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲ ဆုရတေးများ
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၅:၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၁၀။ **မြန်မာတေးသံရှင် ရွေးချယ်ပွဲ**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကမ္ဘာကျော် သရုပ်ဆောင်များ** (အပိုင်း-၁၄)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ** (အပိုင်း-၈)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၄၄၁၊ Hin Thar Light Truck P/cs(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇင်ဦး ၁၄/မမန(နိုင်)၀၀၀၃၉၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွန်းလာ

နိုင်ငံနှင့်လူမျိုး၏ စီးပွားရေးစနအင်အား ခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှုတို့ကို ဖော်ညွှန်းနေ

ပေ (၁၈၀) အထက် ၂၅၉ စင်းမြောက် သီပေါတံတားသစ်ဖွင့်

နေပြည်တော် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန *စာမျက်နှာ ၇ ကော်လံ ၁* ●



အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)